အောင်မြင်စာပေ

ဂ မ္ဘီ ရ ဆန်း ကြယ် လုံး ချင်း ဝ တ္ထု သစ်

# တြိုဝဏ္ဏ

လူသေရွာ



## အခန်း (၁)
## လူသေရှာနှင့် ဆန်းကြယ်သောဓလေ့များ

ကမ္ဘာအရပ်ရပ်၌ သော်လည်းကောင်း၊ မြန်မာနိုင်ငံနေရာအနှံ့အပြားတို့ တွင် သော်လည်းကောင်း လူမျိုးအသီးသီးတို့ ရှိကြလေသည် ။

မြန်မာနိုင်ငံ၏ မှတ်တမ်းများ အရ မြန်မာနိုင်ငံတစ်ဝှမ်းတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်ရှိကြောင်း သိရပေသည် ။

တိုင်းရင်းသားလူမျိုးစုတို့ မှာ မျိုးနွယ်တစ်ခုနှင့် တစ်ခု မတူကြသလို ကိုးကွယ်ရာဘာသာနှင့် ဓလေ့ထုံးစံများ လည်း မတူညီကြပေ။

အများအားဖြင့်တော့ ကိုးကွယ်ရာဘာသာအပေါ်မှာ အခြေတည်ပြီး တမလွန်နှင့် ပတ်သက်ပြီး ယုံကြည်မှုများကလည်း အမျိုးမျိုးရှိကြလေသည် ။

မည်သို့ပင် အယူအဆမတူကြသည် ဖြစ်စေ တမလွန်နှင့် ပတ်သက်ပြီး ကွဲပြားခြင်းမရှိလှပေ။

ဘဝတစ်ခုမှ တစ်ခုသို့ ကူးပြောင်းခြင်း၊ ဒါမှ မဟုတ် ဘဝ သစ်တစ်ခုသို့ ကူးပြောင်းခြင်း..ဟူသော ဝေါဟာရအမျိုးမျိုး ရှိသော်လည်း နောက်ဆုံးအဖြေကတော့ သေဆုံးခြင်းပင် ဖြစ်ပေသည် ။

တစ်ဘဝစာ အသုံးပြုခွင့်ရသော လက်ရှိရုပ်ခန္ဓာကိုစွန့် ၍ အခြားဘ

ဝသို့ ကူးပြောင်းခြင်းမှာ တမလွန်ဘဝသို့ ကူးပြောင်း ခြင်းပင် ဖြစ်၏။

မူလရုပ်ခန္ဓာမပါတော့ဘဲ နာမ်ခန္ဓာ(ဝိညာဉ်)သက်သက်ချည်း ဖြတ်သန်းရသော ခရီးဖြစ်သည် ။

ထိုခရီးကို သံသရာခရီးဟု လည်း ခေါ်ဆိုသတ်မှတ်ကြသည် ။ သံသရာဟူသည် တစ်ဘဝမှ တစ်ဘဝ အဖန်ဖန်ပြောင်း ရွှေ့ ဖြစ်ပျက်ခြင်းပင် ဖြစ်၏။

လူ့လောကတွင် မည်သည့် ဘာသာကို ကိုးကွယ်မှုဖြစ်စေ၊ မည်သည့် ယုံကြည်စွဲလန်းမှုများ ရှိသည် ဖြစ်စေ၊ တမလွန် လောကရောက်လျှင်တော့ သက်ဆိုင်ရာ ဘုံဘဝသို့ ရောက်ကြရမည်သာ ဖြစ်၏။

လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ သုံးဆယ့်တစ်ဘုံမှာ မလွဲမသွေရောက်ကြရမည်သာ ဖြစ်၏။

သုံးဆယ့်တစ်ဘုံမှာ မြတ်ဗုဒ္ဓ၏ အယူဝါဒပင် ဖြစ်ပေသည် ။ သုံးဆယ့်တစ်ဘုံ ဆိုသည် မှာ ...

(၁) အပါယ်ဘုံ(၄)ဘုံ

(၂) လူဘုံ(၁)ဘုံ

(၃) နတ်ဘုံ(၆)ဘုံ

(၄) ရုပ်နာမ်နှစ်ပါးရှိ (ရူပ) ဗြဟ္မာဘုံ(၁၅)ဘုံ

(၅) ရုပ်သက်သက်သာရှိ (အသညသတ်) ဗြဟ္မာဘုံ(၁)ဘုံ

(၆) နာမ်သက်သက်သာရှိ (အရူပ) ဗြဟ္မာဘုံ(၄)ဘုံ

စုစုပေါင်း-(၃၁)ဘုံ

ရှိလေသည် ။

အပါယ်ဘုံလေးဘုံဟု ဖော်ပြရာတွင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘုံတို့ ဖြစ်သည် ။

ငရဲ (ချမ်းသာခြင်းကင်းသော)ဘုံသည် ရှစ်ဘုံရှိသည် ။ သိဉ္ဇိုမ်းငရဲ၊ ကာလသုတ်ငရဲ၊ သံဃာတငရဲ၊ ရောရုဝငရဲ၊ မဟာ ရောရုဝငရဲ ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ အဝီစိငရဲတို့ ပင်ဖြစ်ကြလေသည် ။

ထိုငရဲ ရှစ်ဘုံကိုပေါင်းပြီး ငရဲဘုံဟု ပင် ခေါ်ဝေါ်ကြသည် ။

ထို့ပြင် ငရဲကြီးရှစ်ထပ်တွင် တစ်ထပ်စီတွင် ခြံရံနေကြသော ဥဿဒငရဲဟု ခေါ်သော ငရဲငယ်ပေါင်း (၁၂၈)မျိုးလည်း ရှိပေသေးသည် ။

အချို့ပါဠိတော်များ ၌ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာဟု အပါယ်သုံးဘုံကိုသာ ဖော်ပြကြသည် ။

အသုရကာယ်ဘုံကို တာဝတိံသာနတ်တို့ နှင့် ရောသွင်း ရေတွက်၍ သော်လည်းကောင်း၊ ပြိတ္တာဘုံထဲတွင် ရောသွင်း၍ သော်လည်းကောင်း ထည့်သွင်းရေတွက် ကြသည် ကို တွေ့ရသည် ။

သို့သော် အရေအတွက်အားဖြင့်တော့ အပါယ်လေးဘုံဟု သာ ရေတွက်ကြသည် က များ လေသည် ။

ကမ္ဘာမြေပြင်မှ အောက်ယူဇနာ တစ်သောင်းငါးထောင် ကွာဝေးသောအရပ်၌ သိဉ္ဇိုမ်းငရဲတည်ရှိ၏။

ယင်းအောက် ယူဇနာတစ်သောင်းငါးထောင်စီ ကွာခြား၍ ကာလသုတ်စသော အခြားငရဲဘုံတို့ အဆင့်သင့် ရှိကြလေသည် ။

အပါယ်ဘုံအသီးသို့ရောက်ကြသော အပါယ်ဘုံသားတို့ မှာ သက်တမ်းသတ်မှတ်ချက် မရှိပေ။

မိမိတို့ ပြုလုပ်ခဲ့သော အကုသိုလ် အနည်းအများ အလိုက် အပြစ်ရှိသ လောက် ခံကြရသည် ။

တိရစ္ဆာန်ဘုံမှာ သီးခြားမရှိပေ။

လူဘုံမှာ ပင် ရှိနေကြသည် ။ တိရစ္ဆာန်တို့ နေထိုင်ရာ အစုအဝေးကို ပင် တိရစ္ဆာန်ဘုံဟု ခေါ်ဝေါ်ကြသည် ။

ပြိတ္တာဆိုသည် ကတော့ ချမ်းသာသုခ ကင်းသောနေရာ၌ နေထိုင်ကြ ရသော ဘုံသားများ ပင် ဖြစ်ပေသည် ။

ပြိတ္တာတို့ မှာ ဘုံသီးခြားမရှိကြပေ။

တောတောင်၊ သုသာန်၊ သင်္ချိုင်း၊ ဇရပ်ပျက်၊ ကျောင်းအို၊ ကျောင်းပျ က်များ ၌ သာ လှည့်လည်နေထိုင်ကာ အစဥ်သဖြင့် ဆာလောင်မွတ်သိပ် နေကြရသော ဘုံဘဝသားများ ပင်ဖြစ်ကြလေသည် ။

ပြိတ္တာဘုံသားတို့ မှာ လည်း ငရဲဘုံသားများကဲ့သို့ အစဥ်သဖြင့် ချမ်း သာခြင်းကင်းကာ ငရဲဘုံသားများကဲ့သို့ပင် အမျိုးမျိုးသော ဒုက္ခဆင်းရဲ တို့ ကို ခံစားနေကြသူများ ပင် ဖြစ်ကြပေသည် ။

ကျွန်တော် ရေးချင်တဲ့ အဓိကအကြောင်းကတော့ လူ အပါအဝင် သ က်ရှိသတ္တဝါတို့ သေဆုံးတဲ့ အခါ တမလွန်ဘဝ ရောက်ကြရတာချည်း ဖြ စ်ပါသည် ။

တမလွန်လောက အကြောင်းကိုလည်း အားလုံးက စိတ်ဝင်စားမှုရှိကြသည် ။

လူမျိုးချင်းမတူသော်လည်း ၊ ယုံကြည်ကိုးကွယ်သည့် ဘာသာချင်း မ တူကြသော်လည်း တမလွန်လောကအကြောင်းကိုတော့ စိတ်ဝင်စားကြ သည် ။

ထိုနေရာမှာ လည်း အယူအဆချင်းက မတူကြပြန်ပေ။ ထိုကဲ့သို့ အယူအဆမတူကြသဖြင့် ပြုလုပ်ဆောင်ရွက်သော ကိစ္စများကလည်း ခြားနားကြရပေသည် ။

ကချင်ကလည်း ကချင်ဓလေ့ထုံးစံဖြင့် အသုဘ အခမ်းအနား၊ တမလွန်ကိစ္စများကို ဆောင်ရွက်ကြသည် ။

ရှမ်းကလည်း ရှမ်းဓလေ့၊ ချင်းကလည်း ချင်းဓလေ့ထုံးစံတို့ ဖြင့် တမလွန်နှင့် သက်ဆိုင်သော ဆောင်ရွက်မှုများကို ပြုလုပ်ပေးကြသည် ။

ထိုအယူအဆများ အကြောင်းကို တစ်ခုချင်းစီ၊ တစ်မျိုးချင်းစီ အသေးစိတ်ရေးမည်ဆိုပါက စိတ်ဝင်စားဖို့ ကောင်းသည် ဆိုသော်လည်း များ စွာရှည်လျားလှပေသည် ။

ယခုရေးသားမည့် ဝတ္ထုအမည်ကို ''လူသေရွာ''ဟု ပေးထားခဲ့ရာ ထိုအမည်မှာ ကျွန်တော်စိတ်ကူးသက်သက်ဖြင့် ပေးထားသော အမည်တစ်ခုတော့ မဟုတ်ပါချေ။

''လူသေရွာ''ဟူသော ဝေါဟာရမှာ ချင်းလူမျိုးတို့ သုံးစွဲသော ဝေါဟာရတစ်ခုသာ ဖြစ်သည် ။

ထိုအမည်နှင့် ပတ်သက်ပြီး ၎င်းတို့ ယုံကြည်စွဲလန်းမှုများ အကြောင်းကို ရေးသားဖော်ပြပေးပါမည်။

လူသေရွာအကြောင်း မရေးသားမီ လူသေတို့ ၏ ဝိညာဉ်များ ၏ တွေ့ဆုံနိုင်ပုံများ အကြောင်းကို ဦးစွာရေးသားဖော်ပြပါမည်။

အိပ်မက်ဖြင့် လူသေအား တွေ့ဆုံခြင်းမှာ ဖျားသော မိသားစုမှာ ဖျာကိုယူပြီး လိပ်၍ ထားရ၏။

လိပ်ထားသော ဖျာအထဲတွင် ပန်းကန်ခွက်နှင့် ခါးမြှောင်ကိုထား၏။

၎င်းကို ဖျားသူ၏ လက်နှင့် ထိစေ၏။

ထို့နောက် အရက်(သို့မဟုတ်)ခေါင်ရည်တစ်ပုလင်းကို ယူသွား၍ ဟောတတ်သူထံ သွားရောက်ပြီး ဖျားနာသည့် အကြောင်းကို ပြောပြ၏။

ထိုအခါ ဟောတတ်သူက ''သူငယ်ချင်းများ အဘယ့်ကြောင့် ဤသူ/ သူမ ဖျားရသနည်း၊

မည်သည် ကို..အလိုရှိ၍ မည်သို့ ပြုလုပ်ရမည်နည်း၊ လာ၍ ကျွန်တော်/ကျွန်မအားပြောပြပါ''

ဟု ဆိုကာ အရက်ကိုသောက်၍ အိပ်လေ၏။

နောက်တစ်နေ့ရောက်သောအခါ အိပ်မက်မက်ဖြင့် အကျိုးအကြောင်းကို တွေ့မြင်ရကြောင်း၊ မည်သူက ပြုစားသည် ။ မည်သည် ကို အလိုရှိသည် ဟု ပြောပြသည် ။

ထိုသူပြောသည့် အတိုင်း တိရစ္ဆာန်ဖြင့် ပူဇော်ရ၏။

အိပ်မက်မက်တတ်သူများ သည် လူသေ၏ ဝိညာဉ်ကိုလည်း ခေါ်နိုင်၍ စကားလည်း ပြောနိုင်သည် ။

ထို့ကြောင် ရှင်သူလူများက သေလူများအား ထိုအိပ်မက် မက်တတ်သူမှ တဆင့် ပစ္စည်းလည်း ပေးပို့နိုင်၏။

သေသူများကလည်း မိမိသည် မည်သို့သေဆုံးရကြောင်း၊ ပို့သောပစ္စည်းကို ရရှိကြောင်း၊ မည်သည် ကို အလိုရှိကြောင်း ပြန်၍ ပြောဆိုနိုင်၏။

ထိုသို့ လူသေဝိညာဉ်အားခေါ်၍ စကားပြောနိုင်ခြင်းကို လူသေသို့ '' အလည်သွားခြင်း'' ဟု ခေါ်ဆို၏။

ဤအကြောင်းနှင့် ပတ်သက်၍ ပြေပြမှုများ စွာထဲတွင် ဓဲဖိုင်ရွာမှ

ဒေါ်ရွှေမိယာန်၏ ကိုယ်တွေ့ကို ကောက်နှုတ်ဖော်ပြပါမည်။

အမျိုးသမီးတစ်ဦးသည် သေရွာသို့ ခရီးသွားလိုသောကြောင့် ဟောနိုင်သူ၏ ဘေးတွင် ဝင်ရောက်အိပ်၏။

ထိုအမျိုးသမီးကို သွားနိုင်သူအမျိုးသမီးက ခေါ်သွား၍ ဝိညာဉ်ဖြင့် သေရွာသို့ရောက်၏။

မိမိတို့ မျက်မှောက်ရှေ့တွင် သေရွာရောက်သည် ဟု ထင်ပါသည် ။

လမ်းပေါ်တွင် တွေ့သူတိုင်းကို နှုတ်ဆက်စကား ပြောသည့် အတိုင်း တစ်ယောက်ပြီးတစ်ယောက်ကို နာမည်ခေါ်၍ စကားပြော၏။

ထိုနာမည်ခေါ်၍ စကားပြောသည့် လူများ သည် သေပြီးသော သူများ ဖြစ်ကြ၏။

ထိုသူများကို အစ်ကို၊ ညီမ၊ ဦးလေး စသဖြင့် ခေါ်သည့် အပြင် နာမည်တပ်၍ ခေါ်သောသူများ လည်း ဖြစ်ကြ၍ .. မာကြောင်း၊ သာကြောင်း စကားကို မြိန်ရည်ရှက်ရည် စကားလည်း ပြောလျက်ရှိကြ၏။

အဆိုပါ အမျိုးသမီး နိုးလာသောအခါ အကြောင်းကို မေးမြန်းရာ သူမနှင့် တွေ့သောသူများ ၊ နှုတ်ဆက်သောသူများ ၊ မှာ သောစကားများကို မိမိတို့ အား ပြန်ပြောပြ၏။

သူမပြန်ပြောပြသော စကားများ နှင့် သူမအိပ်ပျော်နေစဉ်က ပြောသောစကားလုံးများ သည် တစ်ထေရာတည်း ဖြစ်လေသည် ။

ဤအချင်းအရာများကို လေ့လာသောအခါ သေရွာသို့ သွားနိုင်သူသည် ၎င်းတို့ တစ်ဦးတည်းသာမက အခြားသူများကိုပါ ခေါ်ဆောင်သွားနိုင်ကြောင်း သိနိုင်ပါသည် ။

အိပ်မက်ထဲတွင် သေပြီးသူများ နှင့် တွေ့ဆုံနိုင်၊ လိုအပ်သော စကားများကိုပါမှာ နိုင်ကြောင်း သိရှိရသည် ။

ထို့ကြောင့် အလောင်းကို သင်္ဂြိုလ်စဉ်က ယူသွားရန်မေ့ ကျန်သော ပစ္စည်းများကိုလည်း နောက်လူသေမှ တဆင့် ပေးပို့နိုင်၊ လူကြုံပါးနိုင်သည် ။

သေပြီးသော ဝိညာဉ်ကို ခေါ်ပုံနှင့် ပတ်သက်၍ ဆရာတော် ထန်သင်ဆွမ်၏ ရေးသားထားသည် ကို ကောက်နှုတ်ဖော် ပြပါဦးမည်။

နှိုရ်သင်တီာလ်သည် တလာအိုမွှန်ရွာမှ ခုပ်နှင်း၏ ညီမချောချောလှလှလေး ဖြစ်သည် ။

(၁၉၄၅)ခုနှစ် တစ်နေ့တွင် အမေနှင့် အတူ တောင်ယာ သို့သွားသည် ။

တောင်ယာတွင် အလုပ်လုပ်စဉ် သူမသည် ခေါင်းကိုက် သည် ဟု ဆို၏။

သားအမိ အိမ်ပြန်ရောက်သောအခါ သူမသည် အပြင်းဖျား၍ မျက်နှာတစ်ခုလုံး နီရဲပြီး နောက်တစ်နေ့တွင် ဆုံးပါးသွားသည် ။

သူမ၏ သေဆုံးပုံကို လေ့လာသောအခါ... နတ်ဆိုးကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သေချာသည် ဟု ယူဆကြသောကြောင့် ကျဲရ်မွန်ရွာမှ ငွန်ဇမ်း၏ အဘွားထံ သွားကြသည် ။

ပထမ ခေါင်အိုးသေးသေးကိုတည်၍ ကြက်မနီကို သွားပေး၏။ ခေါင်ရည်ကို ကြက်ခေါင်းသို့ မှုတ်ထွေး၏။

ကြက်ကို ခေါင်အိုးနှုတ်ခမ်းတွင် ရပ်စေ၏။ ကြက်သည် ခေါင်အိုးနှုတ်ခမ်းတစ်လျှောက် ပတ်ပတ်လည်သွား၏။

ထို့နောက် ကြက်ကိုယူ၍ တောင်းဖြင့်အုပ်၏။

ခေါင်အိုးကို ရေလောင်း၍ ငွန်ဇမ်းအဖွားကို သောက်စေ၏။

ထိုအခါ နတ်များ ရောက်ရှိလာကြ၍ ခေါ်ရခြင်း၏ အကြောင်းကို မေးမြန်း၏။

''ဆုံးပါးသွားသော နှိုရ်သင်တီာလ်ကို ခေါ်ပေးပါ''ဟု ခိုင်း၏။ ထိုအခါ နှိုရ်သင်တီာလ်သည် အသံဖြင့်ပေါ်လာ၍ ငိုကြွေး၏။

ဖခင်က ''တိတ်တော့၊ စကားမေးလိုသည် '' ဟု ပြော၏။

ထိုအခါ သေသူကလေးမက...

''အသင်တို့ နှင့် နေ၍ မရတော့၊ အိမ်ရှေ့မျက်နှာစာထိပ်မှ အစ်ကို ငွန်ဒွန်စောင့်နေ၏ ''

ဟု ပြော၏။

ငွန်ဒွန်သည် သေဆုံးပြီးသောသူ ဖြစ်၏။

''သမီးလေးရဲ့ သေဆုံးပုံကို ပြောပြပါ''

ဟု မေးပြန်သည် ။

''မုံပါချောင်း နတ်တို့ က ခဲနှင့် ပေါက်၍ အသေသတ်၏ .. တော်ပြီ''

ဟု ပြော၍ ပျောက်သွား၏။

ထို့နောက် ဆန်ဆွမ်းဆိုသောနတ် ပြန်ပေါ်လာ၏။

''မုံပါချောင်းမှ နတ်များကို ခေါ်ပေးပါ''

ဟု မေတ္တာရပ်ခံကြ၏။

မုံပါချောင်းမှ နတ်များ ပေါ်လာကြ၏။ ထိုအခါ...

''အဘယ်ကြောင့် နိဗ္ဗာန်ရသင်းတိကလ်ကို သတ်သနည်း'' ဟု မေးခွန်းထုတ်ကြ၏။

''မိမိတို့ ကို တခြားသူများက စေခိုင်းသည် ''

ဟု ပြန်ဖြေကြ၏။

အွီကိယူတောင်ဘက်သို့ လက်ညှိုး ထိုးပြသည် ။

ထိုအခါ ဆန်ဆွမ်းအား...

''အွီကိယူနတ်ကို ခေါ်ပေးပါ''

ဟု တောင်းဆိုကြ၏။

''ကျွန်တော် မခေါ်နိုင်ဘူး၊ အထက်မြင့်က ခေါင်းနှလုံး ပိုင်ရှင်ကိုခိုင်းပါ''

ဟု ပြော၏။

ထိုအခါ..

''ခေါ်ပေးပါ'' ဟု တောင်းဆိုသောအခါ အထက်ခေါင်း နှစ်လုံးပိုင် ပေါ်လာ၍ ...

''ဘာအလိုရှိသလဲ''

ဟု မေး၏။

ထိုအခါ...

''အွီကိယူကို ခေါ်ပေးပါ''

ဟု တောင်းဆိုကြ၏။

အွီကိယူနတ်များ ပေါ်လာသောအခါ...

''အဘယ့်ကြောင့် အထက် ခေါင်းနှစ်လုံးပိုင်ကို အခေါ်ခိုင်းသနည်း၊ ကျွန်တော်တို့ အလွန်ကြောက်သည် ''

ဟု ပြောကြ၏။

''အဘယ်ကြောင့် နှိုရ်သင်တီကိုလ်ကို သတ်သနည်း'' ဟု မေးမြန်းကြ၏။

ထိုအခါ...

''ခင်ဗျားပြော..ခင်ဗျားပြော..''

ဟူ၍ အော်သံများ စွာ ထွက်ပေါ်လာ၏။

''ကျွန်တော်တို့ သူမကို သိပ်ချစ်လို့ ယူတာပါ၊ အခုလည်း ကျွန်ုပ်တို့နဲ့ အတူ အိုကိယူမှာ ရှိပါတယ်''

ဟု ဖြေကြ၏။

အတန်ကြာသောအခါ ငွန်ဇမ်း အဖွားသည် သန်းဝေနိုးထ၍ မျက်နှာရွှင်လန်းစွာဖြင့်...

''တစ်စုံတစ်ခု ပြောပေးကြတာ ရှိပါသလား''

ဟု သတင်းမေးသူတို့ ကို မေးမြန်း၏။

ထိုအကြောင်းကို သုံးသပ်သောအခါ ငွန်ဇမ်နူသည် ဤအဖြစ်အပျက်များအားလုံးကို လုံးဝမသိရှိသည် မှာ ထင်ရှား၏။

သူ၏ သူငယ်ချင်းနတ်တို့ ၏ ဝိညာဉ်တစ်ခုခုက သူ၏ ခန္ဓာကိုယ်ပေါ်သို့ ရောက်ရှိလှုပ်ရှားကြကြောင်း သိသာနိုင်ပါသည် ။

ထို့ကြောင့် ဘိုးဘေးတို့ သည် ဤသို့ သေသူ၏ ဝိညာဉ်များကို ခေါ်ယူစကားပြောခဲ့ကြသည် ဟု ဆိုနိုင်သည် ။

ဆက်လက်ဖော်ပြမည့် အကြောင်းအရာမှာ လူသေရွာ ဖြစ်သည် ။

လူသည် သေသောအခါ လူသေရွာသို့ သွားသည် ဟု ယုံကြည်ကြ၏။

လူသေရွာသည် မည်သည့် နေရာ၊ မည်သည့် အရပ်တွင် ရှိသည် ဟု မပြောနိုင်စေကာမူ.. တစ်နေရာတွင် ရှိသည် ဟု ယုံကြည်ကြ၏။

လူသေသောအခါ ရီကျင်းတောင်(လူသေနှင့် လူရှင်များ ခြားနားသောတောင်)သို့ ရောက်ရှိသောအခါ ဆာနူက သွားရန်ညွှန်ပြသော ရီဘွန်သွာလ်(သေ-ရှင် နယ်နိမိတ် )တစ်နေရာသို့ ရောက်ရှိကြကြ၏။

လူသေရွာတွင် လင်မယားနှစ်ဦးစလုံးသေ၍ ရောက်ရှိသောအခါ ရှင်လူဘဝ၌ ပေါင်းသင်းသကဲ့သို့ သေလူဘဝတွင် လည်း အတူတကွ ပေါင်းသင်းနေထိုင်၍ တောင်ယာခုတ်စား ဘဝဖြင့် အသက်မွေးကြသည် ဟု ယုံကြည်ကြ၏။

''လူသေရွာသည် တစ်နေရာရာတွင် ရှိ၏ '' ဟု ယုံကြည်ကြ၏။ လူသေသောအခါ ရီကျင်းတောင် (လူသေနှင့် လူရှင်များ ခြားနားသောတောင်)သို့ ရောက်သည် ဆိုသော်လည်း လူသေရွာသည် အထက်အောက် မည်သည့် နေရာတွင် ရှိသည် ကိုမူ မည် သူကမျှ မပြောနိုင်ကြပေ။

လူသေရွာသို့ သွားရာလမ်း၌ ရှင်လူနှင့် သေလူတို့ ၏ နယ်နိမိတ်ရှိ၏ ။

၎င်းကို ''နယ်နိမိတ်တောင်'' ဟူ၍ ခေါ်ကြ၏။

ထိုနေရာ၏ တစ်ဖက်တွင် ချောင်းကလေးရှိ၏။

၎င်းနေရာကို လွန်လျှင် လမ်း(၈၀၀)ဆုံဆည်းရာ အရပ်ရှိ၏။

ထိုနေရာသည် ..''အပျော်ဆုံးနှင့် အခက်ခဲဆုံးနေရာ လမ်းခွဲတို့ ၏

ဆုံဆည်းရာအရပ်''ဟု ခေါ်ကြ၏။

ထိုနေရာတွင် အသားဖြူဖြူ ဗိုက်ရွှဲရွှဲ၊ အလွန်မောက်မာသော ''ဆာနူ '' ဟု ခေါ်သည့် မိန်းမကြီးသည် ရက်စက်ကြမ်းကြုတ်သော အကြည့်ဖြင့် ထိုင်နေသည် ။

လူသေသည် အသက်ထင်ရှားရှိစဉ်အခါက ပွဲပြုလုပ်စဉ် သတ်ခဲ့သော တိရိစ္ဆာန်၏ ဦးခေါင်းများ သည် သူ၏ ဝိညာဉ် ရှေ့မှ ရှေ့ဆောင်လျက် ဆာနူးရှေ့တွင် အတူရောက်ရှိကြသည် ဟု ယုံကြည်ကြ၏။

ထိုတိရစ္ဆာန်ဦးခေါင်းများ တွင် အကောင်ကြီးသော ကျွဲ၊ နွားနောက်၊ နွားစသော ခေါင်းများများ ပါလျှင် ဆာနူသည် ဝမ်းမြောက်၍ ပျော်စရာကောင်းသောလမ်းမှ လူသေရွာသို့ ပို့ဆောင်၏။

အဆိုပါ တိရစ္ဆာန်ခေါင်းများ တွင် အကောင်ငယ်များ ဖြစ်သော ကြက်၊ ဝက်၊ ဆိတ်၊ ခွေးစသော ခေါင်းများ ပါက.. ဆာနူသည် ဝမ်းမသာနိုင်သဖြင့် ထိုသေသူကို ခက်ခဲသောလမ်းမှ လူသေရွာသို့ ပို့ဆောင်၏။

ထို့ကြောင့် လူသားများ သည် အသက်ထင်ရှား ရှိစဉ် ကာလတွင် ပွဲမပြုလုပ်နိုင်သော သူများ သည် ပင် အသုဘနေ့များ တွင် တတ်နိုင်သလောက် တိရစ္ဆာန်များများ သတ်ပေးရခြင်းဖြစ်သည် ။

လူသေရွာတွင် အသက်ထင်ရှား ရှိစဉ်သကဲ့သို့ လင်မယား၊ သားသမီးများ နှင့် အတူ ပျော်ပျော်ပါးပါး နေကြပုံ၊ တောလည်ခြင်း၊ ချောင်းထဲတွင် ငါးဖမ်းသွားခြင်း စသည် များ ပြုလုပ်ကြသည် ။

ဇောလ်တလိန်းနှင့် ငန်ဘောမ်၊ ဟရန်သူးနှင့် ဒါရ်ဇမဲင်း၊ သိုင်နမ်ကောင်နှင့် မဲန်ရီပေ‌ဟစသော ရှင်ကွဲကွဲကြသည့် ချစ်သူတို့ ၏ ပုံပြင်များ

အပြင် အခြားသောပုံပြင်များ စွာက အထောက်အထားအဖြစ် ဖော်ပြသည် ။

အဆိုပါ ပုံပြင်များ အရ သေလူနှင့် ရှင်လူတို့ ခေတ္တအတူ နေနိုင်သော်လည်း အမြင်ချင်း၊ စရိုက်ချင်းမတူနိုင်ပါ။

ညအိပ်၍ နံနက်ထသောအခါ သေလူ၏ ခေါင်းသည် ပုံမှန်အားဖြင့် ခေါင်းအုံးဖက်တွင် ရှိရန် ဖြစ်သော်လည်း ရှင်လူ၏ ခေါင်းသည် ဆန့်ကျင်ဘက် ခြေထားရာဘက်တွင် ထားရှိ၏။

ရှင်လူသည် သေလူ၏ ရွာသို့ အလည်သွားနိုင်၏။

ဥပမာ အပွေးရှိပိုးကို သေလူ၏ အမြင်တွင် ဝက်ဝံဖြစ် ၍ ဝါးရွက်ကို ငါးဟု မြင်ကြ၏။

လူသေရွာတွင် သေလူများ သည် အသက်ထင်ရှားရှိစဉ်က နေထိုင်သကဲ့သို့ နေထိုင်ကြသည် ဟု ယုံကြည်ရသည့် အကြောင်းတစ်ခုမှာ သေလူက လိုအပ်သောပစ္စည်းများကို ရှင်လူကို မှာ ယူနိုင်၏။

သူ၏ ခံစားပုံကိုလည်း သီချင်းဖြင့် ပြောနိုင်၏။

ရှင်လူကလည်း သေလူထံ ပစ္စည်းများ ပေးပို့နိုင်၏။

ထိုသို့ သေလူထံပစ္စည်းများ ပေးပို့ရာတွင် နတ်ကတော် မှ တဆင့် ပေးပို့ရခြင်းဖြစ်သည် ။

ဦးတီာလ်လိန်း ရေးသားသော စာအုပ်မှ ကောက်နှုတ်ဖော်ပြပါမည်။

ထန်တလန်းရွာမှ လျန်ဗိုင်သည် သေဆုံးသဖြင့် ရှင်လူများက သီချင်းရေးစပ်၍ ပေးပို့၏။

ထိုသီချင်းကို ရရှိသောကြောင့် သီချင်းဖြင့် ပြန်လည်၍ ရှင်လူများ ထံ

သို့ ပေးပို့၏။

ထိုသေလူကမှ ပေးပို့သောသီချင်းကို အိပ်မက်ဖြင့် ပြောတတ်သူမှ တဆင့် ကြားသိရ၏။

သေလူ လျှန်ဗိုင်၏ သီချင်းတွင် ပါသော အကြောင်းအ ရာအချို့ကို ဖော်ပြပါမည်။

''မွေးလှသော သားသားလေး လက်ရာဖြင့် ပေးပို့သော ပစ္စည်းများ ကို အရင်နမ်းရှုံ့ကြည့်ဦးမည်၊

ပေးပို့သော မောင်ငယ်များ နှင့် သေနတ်ကို ပုခုံးပေါ် ထမ်းကာ အ တော်အသင့် နာမည်ရနေသော ကျွန်တော်..သွား ပေဦးမည်၊

အထက်သခင်ဆီသို့- နွေဦး ဗိယာခ်ဖိုင်းရော့(ခ်) ငှက် ကလေးများ အ သံသာသောမြေတွင် စမ်းရေအနား မျိုးစေ့ကျဲသော အပင်များ ၊ နွယ်ကဲ့ သို့ ပွားများ မည့် အပင်များ မောနေလျက် မသိရှိတော့ပါ၊

တောကြီးထဲ တောလည်၍ သစ်ပင်များ အောက်တွင် မိမိအလိုရှိ သောအရာ စုံလင်ခဲ့သော ကျွန်တော်၊ တဖြည်းဖြည်း အကုန်ဖက်သို့ ခြေ လှမ်းစပြုလေပြီတည်း''

လူသေရွာသည် မည်သည့် အရပ်တွင် ရှိသနည်းဟူသော မေးခွန်းနှင့် ပတ်သက်၍ ဆင်ထန်းနယ်ဘက်က လက်ရှိ ချွန်ကျုံးရွာ၏ အပေါ်တွင် ရှိ သော ဇိန်မူတောင်သည် လူသေနှင့် ရှင်လူတို့ ၏ နယ်နိမိတ်ဖြစ်သည် ဟု ယူဆကြ၏။

မိရမ်နယ်ဖက်၏ အမြင်ကို ဦးဟရန်အုပ်က ရေးသားထားသည် ကို ဖော်ပြပါမည်။

လူသေတို့ ၏ သွားရာလမ်းတွင် ရေတွင်းငယ်ကလေး တစ်ခုရှိရာ ထို

နေရာသည် လူသေတိုင်း မရောက်မနေရ အရပ်တွင် ရှိ၏။

၎င်းသည် ငါဖိုင်ပီ၊ ငါဖိုင်သဲနှင့် လုံကျွေးပီးရွာများ ၏ နယ်နိမိတ် ဆုံဆည်းရာတွင် ရှိသည့် တောင်အမြင့်ကြီးဖြစ်သည် ။

ထိုအရပ်တွင် တောင်ဇလပ်ပန်းများ အလွန်များ ပြား သောကြောင့် ''သေလူတို့ အား လွမ်းဆွတ်ရာမြေ'' ဟု ခေါ်ဆို ကြ၏။

ထိုအရပ်မှ လုံကျွေးပီးရွာဖက်သို့ နှစ်မိုင်ခန့်ဝေးသည့် အရပ်တွင် လဲနေသော သစ်တုံးကြီးရှိပါသည် ။

ထိုအပင်သည် ယခုအခါ ဆွေးနေပြီဖြစ်သည် ။

ထိုသစ်တုံးကြီးမှ သုံးဖါလုံခန့် ဝေးသောအရပ်တွင် မည်သည့် အခါမှ မခမ်းသည့် ရေတွင်းကလေးရှိ၏။

ထိုရေတွင်းကလေးနှင့် သစ်တုံးကြီးတို့ သည် အဓိပ္ပါယ် ရှိကြ၏။

လူကြီးတို့ သေဆုံး၍ သေရွာသို့သွားသောအခါ လမ်းတွင် ရှိ သစ်တုံးကြီးကို ခွကျော်နိုင်သော်လည်း ၊ ကလေးငယ်များ သည် ခွ၍ မကျော်နိုင်ပါ။

ထို့ကြောင့် ထိုသစ်တုံးကို ကျော်နိုင်ရန်အတွက် အမြီးကိုင်၍ ဆွဲခေါ်သူ ခွေးထီး(သို့မဟုတ်)ခွေးမ လိုအပ်သည် ။

သို့ဖြစ်၍ လူငယ်သေလျှင် ခွေးကိုလည်း သတ်ပေးရ၏။

ထိုခွေး၏ အမြီးကိုကိုင်လျက် သစ်တုံးကို ကျော်နိုင်ပေမည်။

ထို့ပြင်..လူသေတို့ ၏ ဝိညာဉ်များ သည် အလွန်မတ်စောက်သော တောင်မြင့်ကြီးသို့ တက်သောအခါ အလွန်မောပြီး ရေငတ်ကြ၏။

ထိုအရပ်သည် လက်ရှိခွါဘုံးရွာဟောင်းနှင့် ရွာသစ်၊ လှမ်ဖေတို့

အကြား တောင်ကမ်းပါးကြီးကို ဆိုလိုကြ၏ ၊ ရေငတ်သောအခါ သောက်ရေထည့်ရန်အတွက် ဘူးခါးဗူးကိုလည်း အလောင်းရှိနေစဉ် အနား၌ ထားပေးရ၏။

ထိုရေဗူးဖြင့် ရေတွင်းငယ်ကလေး၌ ခပ်ပြီး ယူသွားရ မည်ဖြစ်သည် ။

ယောကန်အဝင်ဝဟု ခေါ်သောအရပ်သည် ထိုရေ တွင်းမှ (၅)ဖါလုံ ဝေးသောအရပ်၌ ရှိ၏။

၎င်းသည် လုံကျွေးပီးနှင့် လုံကျွေးသဲရွာအကြားတွင် ရှိ၏။

ထိုအဝင်ဝဂိတ်သည် ရေတွင်းငယ်ကလေးမှ စ၍ တက်လျှင်တောင်ထိပ်၌ ရှိ၏။

ထိုဂိတ်(အဝင်ဝ)မှာ ကျဉ်းမြောင်း၍ လူတစ်ယောက် ဝင်စာသာ ရှိသော ကျောက်ဂူရှိ၏။

ထိုဂူ၏ ဝဲနှင့် ယာ တစ်ဖက်တစ်ချက်တွင် ပုဆိန်၏ ခုတ်ရာအရာများ ရှိကြ၏။

လူကြီးရောကလေးပါ ဝင်ဆံ့စွာ လွတ်လွတ်လပ်လပ် သွားနိုင်ဝင်နိုင်၏။

သို့သော် ကလေးလွယ်မိခင် (ကိုယ်ဝန်သည် )သည် ဝင်၍ မဆံ့သောကြောင့် ပုဆိန်ဖြင့် ကျောက်များကို ခုတ်ဆစ်၍ ဝင်သွားရင်း၊ ထို့ကြောင့် ပုဆိန်သွား၏ အရာများ ကျန်ရစ်ခြင်း ဖြစ်၏။

ထိုဂိတ်၊ ကျောက်ဂူ၏ အဝင်ဝနှင့် ပုဆိန်အရာများ ၊ ရေတွင်းကလေးသည် ယနေ့တိုင် ရှိနေပါသေးသည် ။

အချို့ မှတ်တမ်းများ တွင် လူသေရွာနှင့် ပတ်သက်သည့် မှတ်တမ်းများကို မြေပုံလမ်းညွှန်များ ရေးဆွဲပြီး ပြသထားသည် မျိုးလ ည်း ရှိသည် ။

လူသေရွာရှိသောနေရာကို ဗဟိုပြုလျက် ဝင်လမ်းထွက်လမ်းများကို မြေပုံလမ်းညွှန်ဖြင့် အတိအကျရေးသားထားသည် မျိုး ဖြစ်သည် ။

မည်သို့ပင်ရှိစေ ရှေ့ပိုင်းတွင် ရေးသားဖော်ပြထားသည့် အတိုင်း ကမ္ဘာပေါ်ရှိကြသော လူမျိုးအသီးသီးတို့ တွင် ထူးဆန်းသော ယုံကြည်မှုဓ လေ့ထုံးစံများ ရှိကြသည် ။

ထိုကဲ့သို့ပင် မြန်မာပြည် နေရာအနှံ့အပြားတို့ တွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုး အသီးသီးတို့ မှာ လည်း ယုံကြည်မှု ဓလေ့ထုံးစံအမျိုးမျိုး ရှိကြလေသည် ။

ထိုအထဲမှာ မှ ချင်းတောင်တန်းပေါ်ရှိ ချင်းလူမျိုးတို့ ၏ ''လူသေရွာ'' နှင့် ပတ်သက်သည့် ဓလေ့ထုံးစံသည် လည်း တစ်ခုအပါအဝင် ဖြစ်ပေ တော့သည် ။

*

## အခန်း (၂)
## မိန်းမကြီးဆာနူနှင့် လူသေရွာလမ်းခွဲ

ယခုရေးသားမည့် အခန်းမှာ တော့..လူသေရွာသို့ ရောက်ခဲ့ဖူးသူတို့ အကြောင်းကို ဆက်လက်ရေးသားမည် ဖြစ်ပေသည် ။

လူသေရွာမှ ပြန်လည်ရောက်လာကြသူများကိုတော့ ''သေရွာပြန်'' များ ဟု သတ်မှတ်ကြသည် ။

''သေရွာပြန်'' ဟူသော ဝေါဟာရမှာ သေပြီးမှ ဒါမှ မဟုတ် အများက သေပြီဟု သတ်မှတ်ပြီးကာမှ တစ်ဖန်အသက် ပြန်ရှင်လာကြသူများ ပင် ဖြစ်၏။

သေရွာပြန်များကတော့ လူမျိုးအသီးသီး၊ နေရာဒေသ အသီးသီးတို့ တွင် ရှိကြပေသည် ။

ချင်းလူမျိုးများ သည် လူသေရွာရှိသည် ဟု ယုံကြည်ကြသလို သေရွာ ရောက်ပြီးမှ အနေမပျော်သဖြင့် အသက်ရှင်သူ လူများ (ရှင်လူ)များ ရှိရာ သို့ ပြန်လည်ရောက်ရှိသည် ဟု လည်း ယုံကြည်မှုရှိကြသည် ။

အသက်ငယ်ရွယ်စဉ် သေဆုံးသွားသော ကလေးငယ်ကို မိခင်ဖြစ်သူ မှ ကြေကွဲစွာ ငိုကြွေးသောအခါ...

''ကလေးရယ် မေမေရင်နာလွန်းလှတယ်၊ မေမေ့ဆီကိုပဲ ပြန်လာပါ'' ဟု ပြောဆိုကာ ငိုကြွေးကြသည် ။

ထို့ပြင် တစ်ဖန်ပြန်လည် အသက်ရှင်လာသောအခါ မှတ်မိစေရန် ကလေးခန္ဓာကိုယ်၏ တစ်နေရာတွင် အမှတ်အသားတစ်ခုခု ပြုလုပ်ပေးလိုက်ကြသည် ။

ထိုနေရာမှာ တော့ လူဝင်စားတို့ နှင့် ပတ်သက်သည့် အယူအဆတို့ နှင့် အတော်ပင် ဆင်တူလှပေသည် ။

တစ်ခါတစ်ရံ ကလေးငယ်တစ်ဦးသည် စကားပြောတတ်စအချိန်၌ ဘဝဟောင်းမှ အဖြစ်အပျက် အကြောင်းအရာတို့ ကို ပြန်လည်ပြောပြတတ်ကြလေသည် ။

သူနေခဲ့သောနေရာ၊ ရွာ၊ နေအိမ်၊ ဘဝဟောင်းမှ မိဘဆွေမျိုးသားချင်းများ ၊ သူပိုင်ဆိုင်ခဲ့သော ပစ္စည်းဥစ္စာများ ၊ ဇနီးမယား၊ လင်သားနှင့် သားသမီးများ ကျန်ခဲ့လျှင်လည်း ထိုအကြောင်းများကို နာမည်နှင့် တကွ ပြန်လည်ပြောပြနိုင်ကြလေသည် ။

ထို့ပြင်..ဘယ်နေရာတွင် ဘယ်လိုအကြောင်းကြောင့် သေခဲ့ရသည် ကိုပါ ပြောပြတတ်သည် ။

ဥပမာ..ကျားကိုက်၊ မြွေကိုက်၍ သေသည် ။ သေနတ် မှန်သဖြင့် သေသည် ။

ဓား၊ လှံတို့ လက်ချက်ကြောင့် သေသည် ။

အခြားသူ သတ်သဖြင့် သေရသည် ။ သို့မဟုတ် မတော်တဆဖြစ်သဖြင့် သေခဲ့ရသည် များကို နေရာနှင့် တကွ ပြန်လည်ပြောပြနိုင်ကြလေသည် ။

ချင်းလူမျိုးတို့ ၏ ဓလေ့ထုံးစံက ထိုသို့ပြောသည် ကို မနှစ်သက်ကြပေ။ ထို့ကြောင့် ဆက်၍ မပြောစေရန်၊ အတိတ်ဘဝမှ အကြောင်းများကို

မမှတ်မိတော့စေရန် ကြက်ဥကိုပေး၏။

ကြက်ဥပေးသော်လည်း ဆက်မပြောတော့သည့် ကလေးရှိသလို အချို့ကလေးများကတော့ ကြက်ဥပေးသော်လည်း ဆက်ပြောနေကြသည် မျိုးလည်း ရှိကြသည် ။

ရွာတစ်ရွာတွင် ချင်းအမျိုးသမီးတစ်ဦးမှာ သမီးငယ်တစ်ယောက်ရှိလေသည် ။

စကားပြောတတ်သော အရွယ်ရောက်သောအခါ ဘဝဟောင်းမှ အကြောင်းများကို ပြန်လည်ပြောပြတတ်လေသည် ။

၎င်းသည် ဘဝဟောင်း ဟားခါးမြို့နယ်အတွင်းမှ ရွာတစ်ရွာမှ ဖြစ်ကြောင်း..၊ သူ့ဘဝဟောင်းမှ မိဘများကိုလည်း ကောင်းစွာမှတ်မိနေကြောင်း ပြောပြတတ်သည် ။

ထိုမိန်းကလေး၏ ဘဝဟောင်းမှ မိခင်သည် ဟားခါးသို့ ဈေးရောင်းလာလေ့ရှိသည် ။

ပလိုင်းတစ်လုံးဖြင့် ဟင်းသီးဟင်းရွက်များ ထည့်ယူ လာပြီးနောက် လာရောက်ရောင်းချလေ့ရှိသည် ။

မိန်းကလေးက ဘဝဟောင်းမှ မိခင်ကိုမြင်သောအခါ ကောင်းစွာမှတ်မိသဖြင့် နောက်မှ ငိုကြွေးမြည်တမ်းကာ လိုက်သွားလေ့ရှိသည် ။

ထိုအကြောင်းကို လက်ရှိဘဝမှ မိခင်က သိသော်လည်း တားဆီးပိတ်ပင်ခြင်းမပြုပေ။

ကျောင်းပိတ်သောရက်များ တွင် ဘဝဟောင်းမှ မိခင်ထံသို့ ညအိပ်ညဉ့်နေပင် သွားရောက်နေထိုင်ခွင့် ပြုထားခဲ့ပေသည် ။

မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြားတွင် ဘဝဟောင်းမှ အကြောင်းအရာများကို မှတ်မိကြသောလူဝင်စားများ ရှိကြလေသည်။

လူဝင်စားဟူသော ဝေါဟာရမှာ ဘဝဟောင်းမှ သေဆုံးသွားပြီး ဘဝသစ်သို့ ချက်ချင်းကူးပြောင်း ရောက်ကြခြင်းကို ဝင်စားသည် ဟု ခေါ်ဝေါ်ကြလေသည်။

ချင်းလူမျိုးများကတော့ သေပြီးခဲ့သော လူသေသည် လူရှင်တို့ နေရာသို့ တစ်ဖန်ပြန်ရောက်လာသည် ဟု ယုံကြည်ကြလေသည်။

ထို့ကြောင့် ချင်းလူမျိုးတို့ သည် ''လူသေရွာ'' ရှိခြင်းကို ယုံကြည်လက်ခံထားကြခြင်း ဖြစ်ပေသည်။

၎င်းတို့ သည် လူသေရွာ အမှန်ပင်ရှိသည် ဟု လက်ခံထားကြသော်လည်း မည်သည့် နေရာ၌ ရှိကြောင်းကိုတော့ သိရှိသူ အတော်ပင် နည်းပါးလှသည်။

အချို့ကလည်း လူသေရွာ ရှိသောနေရာအား မြေပုံ လမ်းညွှန်အမှတ်အသားများ ဖြင့် ရေးသားဖော်ပြကြသည်။

လူသေရွာသို့ သွားရာလမ်းတွင် ရှင်လူနှင့် သေလူတို့ လမ်းခွဲကြသော နယ်နိမိတ်တောင် (Ricin tlang hring Lang tlang) ရှိသည်။

ထိုနေရာ၏ တစ်ဖက်တွင် ချောင်းကလေးရှိသည်။ ၎င်း နေရာလွန်လျှင် လမ်း''၈၀၀'' ဆုံဆည်းရာ အရပ်ရှိသည်။

ထိုနေရာသည် အပျော်ဆုံးနှင့် အခက်ခဲဆုံးတို့ ၏ နေရာအရပ်ဟု ခေါ်ကြသည်။

ထိုနေရာရောက်သော သေလူတို့ အား သင့်တော်သည့် နေရာသို့ ပို့ပေးရသော မိန်းမကြီးဆာနူ(Sanu)နှင့် တွေ့ရသည်။

ဒီနေရာမှာ တော့ လူသေတို့ တွေ့ရသူတို့ မှာ ယုံကြည် ကိုးကွယ်ရာ ဘာသာအလိုက် ကွဲပြားခြားနားမှု ရှိကြလေသည် ။

ဗုဒ္ဓဘာသာဝင်တို့ က ယမမင်းနှင့် တွေ့ရသည် ဟု ယုံကြည်မှုရှိသည် ။

အီဂျစ်တို့ က အိုစီရစ်ဈာန်ဘုရားရှေ့မှောက်သို့ ရောက်ပြီး ကောင်းမှု မကောင်းမှုတို့ ကို အစစ်ဆေးခံကြရသည် ဟု ယုံကြည်ကြသည် ။

အခြားဘာသာဝင်များကလည်း ၎င်းတို့ ယုံကြည်ကိုးကွယ်ရာ ဘာသာအလိုက် အယူအဆအမျိုးမျိုး ရှိကြလေသည် ။

အိုစီရစ်အား ယမမင်းကြီးဟု လည်း ခေါ်ဝေါ်ကြရာ ယမမင်းဟူသော ဝေါဟာရမှာ လူသေတို့ အား စစ်ဆေးသော ပုဂ္ဂိုလ်ဟု ယူဆနိုင်ပေသည် ။

ချင်းလူမျိုးတို့ ၏ အယူအဆ လူသေရွာ (Mithikhua) အဝင်၌ စောင့်နေသော ၎င်းတို့ အခေါ် မိန်းမကြီး ''ဆာနူ''သည် တစ်နည်းအားဖြင့် ယမမင်းလိုပင် ဖြစ်ပေလိမ့်မည်။

အသားဖြူဖြူ ဗိုက်ရွဲရွဲ၊ ရက်စက်ကြမ်းကြုတ်သော အကြည့်မျိုးဖြင့် မျက်လုံးအစုံကိုဖွင့်ပြီး ကြည့်နေသော ဆာနူ၏ အကြည့်မှာ ကြောက်စရာကောင်းလှပေ၏။

ထိုနေရာသို့ ရောက်သွားကြသော လူသေ(ဝိညာဉ်)တို့ သည် အသက်ရှိစဉ်က ၎င်းတို့ သတ်ဖြတ်ခဲ့သော တိရစ္ဆာန်တို့ ၏ ဦးခေါင်းတို့ ကိုပါ တစ်ပါတည်း ယူဆောင်သွားပြီး ဆာနူအားပြသရသည် ။

တိရစ္ဆာန်တို့ ဦးခေါင်းများ တွင် အကောင်အရွယ်အစား ကြီးမားသော ကျွဲ၊ နွားနောက်၊ နွားစသော တိရစ္ဆာန်အကောင်ကြီးများ ၏ ဦးခေါ

င်းများများ ပါသွားလျှင် ဆာနူက ဝမ်းမြောက်ဝမ်းသာဖြစ်သည် ။ ထိုသူအား ဝမ်းမြောက်ခြင်းနှင့် အတူ ပျော်ရွှင်စရာကောင်းသော လမ်းမှ လူသေရွာသို့ ပို့ဆောင်ပေး၏။

အကယ်၍ လူသေ(ဝိညာဉ်)သည် အသက်ရှင်စဉ်ကာလက တိရစ္ဆာန်အကောင်ငယ်ကလေးများ ဖြစ်သော ကြက်၊ ဝက်၊ ဆိတ်၊ ခွေး စသော တိရစ္ဆာန်တို့ ၏ ဦးခေါင်းများ သော် ဆာနူက မနှစ်သက်ပေ။

ထိုလူသေအား ခက်ခဲသောလမ်းမှ သွားစေလျက် လူသေရွာသို့ ရောက်ရှိအောင် ပို့ပေးတတ်ပေသည် ။

ထို့ကြောင့် ချင်းလူမျိုးတို့ သည် အသက်ရှင်နေထိုင်စဉ် ကာလတွင် ပွဲများ မပြု လုပ်နိုင်ခဲ့ကြစေကာမူ သေသောအခါမှာ တော့ ၎င်းတို့ အတွက် ရည်စူးပြီး၊ အသုဘနေ့တွင် တိရစ္ဆာန်များများ သတ်ဖြတ်ပေးကြရခြင်း ဖြစ်ပေသည် ။

သည် နေရာမှာ တော့ လူသေရွာသို့ ရောက်ခဲ့သူများ အကြောင်းကို ဆက်လက်ရေးသားပါဦးမည်။

ချင်းလူမျိုးတို့ ၏ ဓလေ့ထုံးစံအရ လူတစ်ယောက် သေဆုံးခဲ့ပြီး နောက်ပိုင်းတွင် လူသေရွာသို့ မလွဲမသွေရောက်ကြရသည် ဟု ယုံကြည်မှုရှိကြသည် ။

လူသေရွာသည် ဝိညာဉ်ဘဝရောက်ပြီးနောက် မလွဲမသွေ ရောက်ကြရသည့် နေရာဖြစ်သည် ။

လူသေရွာသို့ ရောက်ခဲ့ကြပြီးမှ အခြားနေရာ၊ သို့မဟုတ် အခြားဘဝများ သို့ သွားကြရ ရောက်ကြရပေသည် ။

အခြားတစ်ဘဝသို့ ရောက်ကြရပြီးမှ လူသေရွာမှ အဖြစ်အပျက်များ ၊

အကြောင်းအရာများကို သတိရကြသူများ ၊ မှတ်မိနေကြသူအချို့လည်း ရှိကြသည် ။

ထိုလူများ ထဲတွင် ခွါပီရွာမှ ကျဲအိုမန်းနှင့် ရွှေမိယာဉ်ဟု ခေါ်သော လင်မယားနှစ်ယောက်အကြောင်းလည်း အပါအဝင် ဖြစ်ပေသည် ။

ကျဲအိုမန်းသည် လူဘဝမှာ နေစဉ်က နွားသတ်သော အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတစ်ဦး ဖြစ်ပေသည် ။

၎င်းသည် နွားနောက်များ သတ်ဖြတ်ရာတွင် အခြားသူများ နှင့် မတူဘဲ များ စွာကျွမ်းကျင်လှသူ ဖြစ်ပေသည် ။

ချင်းလူမျိုးတို့ ဓလေ့ထုံးစံအရ မိန်းမတောင်းသည့် ပွဲ၊ နတ်ပူဇော်သည့် ပွဲများ တွင် နွားနောက်ကို သတ်ဖြတ်ကြသည် ။

နွားသတ်သမားတစ်ယောက်ဖြစ်ရန် လွယ်လွယ်ကူကူတော့မဟုတ်ပေ။

ရှေးကတည်းက နွားနောက်အကောင်ရေပေါင်းများ စွာ သတ်ဖြတ်ခဲ့ကြသော ဆရာကြီးများ ထံတွင် နည်းနာနိဿျ ခံကြရသည် ။ ပညာသင်ယူကြရသည် ။

နွားသတ်သောနည်း မမှန်ပါက နတ်ဝင်ခြင်း၊ အပမှီခြင်း၊ သရဲသဘက်တို့ ဝင်ရောက်နှောင့်ယှက်ခြင်းများ ရှိတတ်ကြပေသည် ။

နွားသတ်သမားတစ်ယောက်ဘဝ ရောက် လာပြီး အတွေ့အကြုံများ ကာ ဝါရင့်လာသောအခါ၌ နွားတစ်ကောင်ကို မသတ်ခင်အချိန်ကတည်းက အကောင်အရွယ်အစားကိုကြည့်ပြီး အသားချိန် ဘယ်၍ ဘယ်မျှထွက်မည်၊ ရမည်ကိုပါ ခန့်မှန်းနိုင် ကြသည် ။

၎င်းတို့ ခန့်မှန်းသော ပိဿာချိန်အတိုင်းလည်း အသားထွက်ပေသ

ည် ။

နွားသတ်သမားသည် အခြားတိရစ္ဆာန်များ ဖြစ်သော ကျွဲ၊ ဝက်၊ ဆိတ် စသောတိရစ္ဆာန်များကိုပါ သတ်ဖြတ်ပေးကြရသည် ။

ထိုသို့သတ်ဖြတ်ပေးသောအခါမှာ လည်း အကောင်အရွယ်အစား၊ အကြီးအသေးပေါ်မှာ မူတည်ပြီး သတ်ဖြတ်ပေးခ ရကြလေသည် ။

နွားသတ်သမားတစ်ယောက်ပိုင်ဆိုင်သော ပစ္စည်းများမှာ သားသတ်ဓား၊ ဓားမြှောင်၊ ကပ်ပါး (ရဲဒင်းအကြီးစား)၊ ထုသတ်သော ပေါက်ဆိန်၊ ကြိုး၊ နွားချည်ကြိုး၊ အသားချိန်သော ချိန်ခွင်၊ အလေး စသည် တို့ ဖြစ်ကြလေသည် ။

နွားသတ်သမားသည် အခြားသူများကခေါ်ပြီး သတ်ခိုင်းပါက သင့်တော်သော အဖိုးအခကိုယူပြီး လိုက်လံသတ်ဖြတ် ပေးသည် ။

မရှိလျှင်တော့...မွေးထားသော နွားကိုသော်လည်းကောင်း၊ ဒါမှ မဟုတ် အခြားမှ နွားကိုဝယ်ယူကာ သတ်ဖြတ်ရောင်းချခြင်း စသောအလုပ်တို့ ကို လုပ်လေသည် ။

ရှေ့၌ ရေးသားခဲ့သည့် အတိုင်း ခွာပီးရွာမှာ တော့ ကျဲအိုမန်းသည် ကျွမ်းကျင်သော နွားသတ်သမားတစ်ဦး ဖြစ်သည် ။

၎င်းတွင် မိန်းမရှိသည် ။ ကလေးနှစ်ယောက်ရှိသည် ။ မိန်းမနာမည်က ရွှေမိယာဉ် ဖြစ်သည် ။ အရွယ်မရောက်သေးသော ကလေးနှစ်ယောက်ကတော့..ယောကျ်ားလေးတစ်ယောက်၊ မိန်းကလေးတစ်ယောက်တို့ ဖြစ်ကြသည် ။

ကျဲအိုမန်းက နွားသတ်သောအလုပ်ကို ဝါသနာပါသော်လည်း မိန်းမဖြစ်သူကတော့ စိတ်မပါလှပေ။

သူမကတော့ ကလေးနှစ်ယောက်နှင့် အတူ တောင်ယာစိုက်ပျိုးသော အလုပ်ကိုသာ လုပ်ကိုင်လေသည် ။

သို့သော် ယောကျ်ားဖြစ်သူက နွားသတ်ပြီးသောအခါ အသားများကို ရောင်းချခိုင်းလျှင်တော့ အနီးအနားမှာ ရှိသော ရွာများကို လှည့်လည် ရောင်းချပေးရလေသည် ။

တစ်နေ့တော့ ရွှေမိယာဉ်တစ်ယောက် အခြားရွာတစ်ရွာသို့ အမဲသား သွားရောက်ရောင်းချရာမှ ပြန်လာသောအခါ လမ်း၌ သရဲသဘက်တို့ နှင့် တွေ့ကာ ခြောက်လှန့်ခြင်း ခံရလေသည် ။

ခွာပီးရွာနှင့် မဝေးလှသော အခြားရွာတစ်ရွာသို့ အမဲသား သွားရောက်ရောင်းချရာ မကုန်ခဲ့ပေ။

ထို့ကြောင့် ကျန်သေးသော အသားတွဲများကို တောင်းနှင့် ထည့်ပြီး ရွာသို့ပြန် လာလေသည် ။

အချိန်က ညနေပိုင်းအချိန် ရောက်နေလေသည် ။

နေဝင်သွားပြီဖြစ်သော မှောင်စပြုနေချေပြီ။

ရွာနှစ်ရွာကြားမှာ တော့ သစ်တောတစ်ခု ခြားနေသေးသည် ။

လမ်းတစ်နေရာရောက်တော့ သူမသွားမည့် လမ်းပေါ်မှာ လူတစ် ယောက်ရပ်နေသည် ကို လှမ်းမြင်ရသည် ။

ဆံပင်ရှည်များက..မျက်နှာပေါ်သို့ အုပ်ကျနေသောကြောင့် မည်သူမ ည်ဝါ မှန်းတော့ မသိရပေ။

အရပ်အမောင်းကတော့ သူမထက် ထက်ဝက်ခန့် ပိုမြင့်လေသည် ။

ရွှေမိယာဉ်က ကြောက်တတ်သူတော့ မဟုတ်ပေ။

တောလမ်းတောင်လမ်းများမှာ တစ်ယောက်တည်း သွားလာနေသူဖြစ်သဖြင့် ထိုကဲ့သို့ တွေ့ကြုံရခြင်းကတော့ အဆန်းတကြယ် မဟုတ်တော့ပေ။

အမဲသားထည့်သည့် တောင်းထဲမှာ တော့ အသားလှီး ဖြတ်သည့် ဓားတစ်ချောင်းပါလာသည် ။

အရပ်အမောင်း မြင့်လှသော လူမည်းကြီးက သူမသွားမည့် လမ်းပေါ်မှာ ပိတ်ရပ်နေခြင်း ဖြစ်၏။

''နင်..ဘယ်သူလဲ''

ရွှေမိယာဉ်က လှမ်းမေးလိုက်သော်လည်း လမ်းပေါ်မှာ ရပ်နေသူက ဘာမှ ပြန်မပြောပေ။

''ငါသွားမယ့်လမ်းက ဖယ်ပေးပါ''

ထိုသို့ပြောသော်လည်း ရပ်မြဲရပ်နေလေသည် ။

''နင်..ဘာလိုချင်လို့ လဲ''

ထိုသို့မေးတော့မှ အမဲသားထည့်ထားသော တောင်းကို လက်ညှိုးထိုးပြသည် ။

ပါးစပ်မှ လည်း ..''ဟင်း..ဟင်း'' ဟု အသံထွက်နေလေသည် ။

ဒီတော့မှ ရွှေမိယာဉ်လည်း သဘောပေါက်သွားပေတော့သည် ။

''အမဲသား စားချင်လို့ လား..မပေးနိုင်ဘူး၊ ဒီမှာ ကျန်တဲ့ အသားတွဲက ငါ့အိမ်သားတွေစားဖို့ ပြန်ယူလာတာ၊ နင့်ကို မပေးနိုင်ဘူး''

ထိုအခါ ရှေ့မှာ ရပ်နေသူထံမှ အဟင်းဟင်းနှင့် အသံများ ပိုကျယ်လာပြီး ရှေ့သို့တိုး လာလေသည် ။

ထိုအခြေအနေမျိုးတွင် နောက်သို့ပြန်လှည့်ပြေးသင့်သော်လည်း ရွှေမိယာဉ်က မပြေးပေ။ ပြေး၍ မလွတ်မှန်းလည်း သိသည် ။

ထိုကဲ့သို့ ရှေ့သို့တိုးလာသောအခါ တောင်းထဲမှာ ပါလာသော ဓားကို ထုတ်ပြီး ဆုပ်ကိုင်ထားသည် ။

အနားရောက်သည် နှင့် တောင်းကိုလာဆွဲသော လက်ကိုဓားဖြင့်ခုတ်သည် ။ သို့သော် အရာမထင်ပေ။

အနားရောက်လာသဖြင့် မျက်နှာကိုမြင်ရတော့မှ လူတစ်ယောက်မဟုတ်ဘဲ သရဲသဘက်တစ်ကောင်ဖြစ်မှန်း သိရလေသည် ။

ရွှေမိယာဉ်က ဓားဖြင့်ခုတ်မရတော့ တောင်းကိုဆွဲထားသည် ။

သို့သော်လည်း သရဲက တောင်းကိုရအောင်ဆွဲယူပြီး တောထဲသို့ ပြန်ဝင်သွားလေတော့သည် ။

ဘာမှ မတတ်နိုင်တော့ပေ။

သူမလက်ထဲမှာ ဓားတစ်လက်သာ ကျန်ခဲ့သဖြင့် အိမ်သို့ ပြန်လာခဲ့ရသည် ။

''နင် ဘာဖြစ်လာတာလဲ ရွှေမိယာဉ်''

အိမ်ရောက်တော့ ကျဲအိုမန်းကမေးသည် ။

''အမဲသားတောင်းကို သရဲဆွဲယူသွားတယ်''

''ဘယ်နေရာက အကောင်လဲ''

ရွှေမိယာဉ်က သရဲဆွဲသောနေရာကို ပြောပြလိုက်သည် ။ ကျဲအိုမန်းက ဒေါသတကြီးဖြင့် တူမီးသေနတ်ကိုယူပြီး အပြင်သို့ ထွက်သွားလေတော့သည် ။

ထိုအချိန်မှ စပြီး ကျဲအိုမန်း တစ်ယောက်အိမ်သို့ ပြန်မရောက်လာ တော့ပေ။

ထိုအကြောင်းကို ရွာသူရွာသားများ သိသဖြင့် လိုက်လံရှာဖွေသောအ ခါ တောတွင်းတစ်နေရာ၌ အမဲသားထည့်သော တောင်းတစ်လုံးအနီးတွ င် ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ အသက်ပျောက်နေသော ကျဲအိုမန်းကို ပြန် တွေ့ကြရလေသည် ။

ငှင်းကိုင်နေကျ တူမီးသေနတ်မှာ လည်း ထိုနေရာတစ် ဝိုက်တွင် တ စ်ပိုင်းတစ်စစီ ဖြစ်နေလေတော့သည် ။

ပြဿနာက ထိုမျှနှင့် တော့ မပြီးပေ။ ကျဲအိုမန်း တစ်ယောက်သေသွားပြီးနောက် မကျွတ်မလွတ်သော သရဲဘဝသို့ရော က်ကာ တစ်ရွာလုံးကို ခြောက်လှန့်ပေတော့သည် ။

နောက်ပိုင်းမှာ တော့ ခြောက်လှန့်ခံရသဖြင့် သေဆုံးသွားကြသူများ ရှိကြလေရာ သရဲသဘက်များ ပါ တိုးပွား လာလေတော့သည် ။

သရဲသဘက်များ လာလေလေ၊ ခြောက်လှန့်ခံရမှုများ လည်း ပိုမိုများ ပြားလာရာ ရွာထဲတွင် လူအသေအပျောက်ကလည်း ပိုများ လာလေ တော့သည် ။

နောက်တော့ အခြားသူများ သာမကဘဲ ရွှေမိယာဉ်နှင့် ကလေးနှစ် ယောက်တို့ ပါ ရှေ့ဆင့်နောက်ဆင့်ဆိုသလို သေဆုံးသွားကြလေတော့ သည် ။

ထိုအခြေအနေကြောင့် ရွာလူကြီးက ဦးဆောင်ပြီး ရွာတွင်းသို့ ဝင် ရောက်နေသော သရဲသဘက်တို့ ကို နှင်ထုတ်ရန် ပြင်ဆင်ကြလေသည် ။

အရပ်ဓလေ့မှာ တော့ ထိုသို့ပြုလုပ်ခြင်းကို တောထုတ် ခြင်းဟု ခေါ်ကြလေသည် ။

တူမီးသေနတ်များ ပစ်ဖောက်ခြင်း၊ သံပုံးများ တီးခြင်း၊ ဝါးလုံး၊ ဝါး လက်ခုပ်တို့ ကို အသံကျယ်လောင်စွာတီးခြင်း၊ ရိုက်ပုတ်ခြင်း၊ ရန်ပုံခွင်း ပစ်ဖောက်ခြင်း၊ တစ်ရွာလုံး သံပြိုင် ''ဟေး ဟေး..ဝါးဝါး'' အော်သံများ ပေးခြင်းများ ပြုလုပ်ကြခြင်း ဖြစ်သည် ။

တောထုတ်ကြခြင်းကို နေဝင်ရီတရော အချိန်မှာ ပင် တစ်ပြိုင်နက် တည်း ပြုလုပ်ကြခြင်း ဖြစ်လေသည် ။

သံပုံးတီးသံ၊ ဒန်အိုးဒန်ခွက်တီးသံတို့ မှာ နားကွဲမတတ် ဆူညံနေ လေတော့သည် ။ အချို့နေရာများမှာ လည်း သံပြိုင်အော်သံများ ပေါ်ထွ က်လာကြလေသည် ။

''ဟိုမှာ ..ဟိုမှာ မည်းမည်းကြီးတွေ သရဲသဘက်တွေ တောထဲဝင်ပြေးပြီဟေ့''

ထိုအသံများမှာ နေရာအနှံ့မှ ပေါ်ထွက် လာလေတော့သည် ။

ထိုသို့တောထုတ်ပြီးနောက် ရွာလူကြီးက ကျဲအိုမန်းတို့ နေခဲ့ကြသော တဲကိုပင် မီးရှို့ပစ် လိုက်လေတော့သည် ။

ထိုသို့ပြုလုပ်ပြီး နောက်ရက်မှာ တော့ ရွာထဲသို့ ဖုတ်ကောင်များ ၊ သ ရဲသဘက်တို့ မလာဝံ့ကြတော့ပေ။

ကျဲအိုမန်းနှင့် ရွှေမိယာဉ်တို့ မှာ သေဆုံးသွားခဲ့ကြပြီး လူသေရွာသို့ မ ရောက်ခင် မိန်းမကြီးဆာနူနှင့် တွေ့ကြရသေးသည် ။

ကျဲအိုမန်းကတော့ နွားသတ်သမားဘဝဖြင့် ကျွဲ၊ နွား အစရှိသော တိ ရစ္ဆာန်အကောင်ကြီးပေါင်း မြောက်များ စွာ

သတ်ဖြတ်ခဲ့သူဖြစ်သောကြောင့် .. ၎င်းသတ်ဖြတ်ခဲ့သော တိရစ္ဆာန် ဦးခေါင်းတို့ ကို မိန်းမကြီးဆာနူအား ပြသနိုင်လေသည် ။

ရွှေမိယာဉ်ကတော့ သေးငယ်သော ကြက်ငှက်စသော တိရစ္ဆာန်ဦးခေါင်းများ လောက်သာ ပြနိုင်သည် ။

မိန်းမကြီးဆာနူက သဘောမကျပေ။

''နင်က တိရစ္ဆာန်တွေရဲ့ ဦးခေါင်းတွေ အတော်များများ ယူဆောင်လာနိုင်ခဲ့တဲ့ အတွက် ပျော်စရာကောင်းတဲ့ လမ်းကနေ လူသေရွာကို ရောက်အောင်ပို့ပေးမယ် ''

ထို့နောက် ရွှေမိယာဉ်ဘက်သို့ လှည့်လိုက်ပြီး...

''နင်ကတော့ ငါနှစ်သက်သဘောကျတဲ့ တိရစ္ဆာန် ဦးခေါင်းတွေ များများ မပြနိုင်ဘူး၊ ဒါကြောင့် ခက်ခဲတဲ့ လမ်းကနေ လူသေရွာသို့ ရောက်အောင်သွားပေတော့ ''

ဟု ပြောလေသည် ။

မိန်းမကြီးဆာနူ ထိုင်နေသောနေရာမှာ လမ်းခွဲရှိသော လမ်းဆုံနေရာ ဖြစ်ပေသည် ။

တစ်လမ်းက ပျော်စရာကောင်းသောလမ်းဖြစ်ပြီး၊ ကျန် တစ်လမ်းက ခက်ခဲသောလမ်းပင် ဖြစ်သည် ။

ကျဲအိုမန်းနှင့် ရွှေမိယာဉ်တို့ နှစ်ယောက်သည် တမလွန်ဘဝ ရောက်ခဲ့ကြပြီးနောက် မိမိတို့ သွားရမည့် လမ်းများမှ သွားကြရလေသည် ။

လူသေရွာသို့ရောက်သောအခါ ၎င်းတို့ နှစ်ယောက် ပြန်လည်တွေ့ဆုံကြသည် ။

ထို့နောက် သူတို့ နှစ်ယောက်မှာ လူသေရွာမှာ ပင် အတူတကွ နေထိုင်ခဲ့ကြလေသည် ။

တကယ်တော့ လူသေရွာဟု ခေါ်သောနေရာမှာ နာနာဘာဝတို့ နေသော ကျတ်ရွာပင် ဖြစ်ပေသည် ။

လူသေရွာနှင့် ကျတ်ရွာသည် အတူတူပင်ဖြစ်ကြောင်း သာဓကတစ်ခုကို ရေးသားဖော်ပြပေးပါမည်။

*